## ရှာဖွေတွေ့ရှိခြင်း
## လမ်းညွှန် (၁၄)
# ဆုတောင်း၍ရနိုင်သောလျှို့ဝှက်ချက်များ

အနတ်တိုလီလေဘီတင် ရာဇဝင်ဆရာနှင့် စာရေးဆရာကြီးသည် ဆိုက်ဘေးရီးယားနိုင်ငံရေးအကျဉ်းသမားများထားရှိသောနေရာတွင် နှစ်ပေါင်းများစွာနေခဲ့ရပါသည်။ နှစ်လများစွာကြာညောင်းခဲ့သောအခါ သူ၏ဆုတောင်းခြင်းများတို့သည် ဒေသရှိရာသီကဲ့သို့၊ မြေပေါ်ရှိနှင်းများကဲ့သို့ ခဲနေသည်ဟုထင်ရသော်လည်း သူပြန်၍လွတ်မြောက်လာသောအခါ သူ၏ဝိညာဉ်ရေးသည် ခံနိုင်ရည်အပြည့်ရှိကြောင်းသိရပါသည်။ သူ၏ပြောပြချက်အရ၊ "ကျွန်ုပ်သည် ဘုရားသခင်ထံသို့လှည့်၍ အာရုံပြုသောအခါ ဘုရားသခင်သည် အဆောတလျင်ကျွန်ုပ်၏စိတ်တစ်နေရာထဲသို့ တန်ခိုးခွန်အားသွန်းလောင်းသောကြောင့် လူတစ်ကိုယ်လုံးကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းရှင်သန်လာပါသည်။ မည်သည့်အရာဖြစ်ကြောင်းကို ကျွန်ုပ်ရှင်းပြပါသည်။ ကျွန်ုပ်၏အသက်တာသည် အိုမင်းမစွမ်းဖြစ်ရုံတွင်မကဘဲ ခွန်အားနည်းလျက်ရှိပါသည်။ သို့ရာတွင် ဆုတောင်းခြင်းဖြင့်ရသောခွန်အားသည် ကျွန်ုပ်ကိုကယ်တင်ခဲ့ပါသည်။ ကျွန်ုပ်၏အသက်တာကိုလည်း မြင့်မားသောနေရာသို့ပို့ဆောင်ပေးပါသည်။ ဤရသောခွန်အားသည် ကိုယ်၏အတွင်းမှမရဘဲ ပြင်ပမှဖြစ်၍ ဤခွန်အားကိုငြင်းဆန်တွန်းလှန်နိုင်သောသူမရှိပါ။ "ဤစာအညွှန်းတွင် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ခိုင်ခံ့တည်မြဲသောဆက်သွယ်မှုနှင့်ဆက်စပ်မှုတို့ကိုတည်ဆောက်နိုင်ပါသည်။

### ၁။ ဘုရားသခင်နှင့်စကားပြောဆိုခြင်း

ဘုရားသခင်သည် ကျွန်ုပ်တို့၏ဆုတောင်းသံနားညောင်းသည်ကို မည်ကဲ့သို့သေချာစွာသိရပါသနည်း။ "တစ်ဖန်မိန့်တော်မူသည်ကား၊ သင်တို့သည် ငါ့ကိုခေါ်၍သွားလာကြလိမ့်မည်။ ဆုတောင်းသောအခါ သင်တို့စကားကိုငါနားထောင်မည်။ ငါ့ကိုရှာသောအခါ စိတ်နှလုံးအကြွင်းမဲ့နှင့်ရှာလျှင်တွေ့ကြလိမ့်မည်" (ယေရမိ ၂၉း၁၂၊ ၁၃)။ ခရစ်တော်သည် ကျွန်ုပ်တို့ဆုတောင်းသောအခါ နားထောင်းမည်ဟု မည်ကဲ့သို့ကတိပေးထားပါသနည်း။ "တစ်ဖန်ငါဆိုသည်ကား၊ တောင်းကြလော့၊ တောင်းလျှင်ရမည်။ ရှာကြလော့၊ ရှာလျှင်တွေ့မည်။ တံခါးကိုခေါက်ကြလော့၊ ခေါက်လျှင်ဖွင့်မည်" (လုကာ ၁၁း၉)။ ခရစ်တော်၏ကတိမှာ ဆုတောင်းခြင်းသည်အပြန်အလှန်စကားပြောခြင်းဖြစ်ကြောင်း၊ "ငါသည် တံခါးရှေ့မှာရပ်၍ ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏အသံကိုကြား၍ တံခါးကိုဖွင့်အံ့။ ထိုသူရှိရာသို့ငါဝင်၍ သူနှင့်အတူစားသောက်မည်။ သူသည်လည်း ငါနှင့်အတူစားသောက်ရလိမ့်မည်" (ဗျာ ၃း၂၀)။ ဤကျမ်းချက်အရ၊ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူစားရင်း၊ ပြောရင်းနှင့် မိတ်သဟာယဖွဲ့ကြောင်းပြ၏။ ပထမပိုင်းတွင် ကျွန်ုပ်တို့၌ရှိသောပြောစရာဆိုစရာများကိုလျှောက်ထားပါ၏။ ဒုတိယတွင် တိကျသေချာစွာနားထောင်ခြင်းဖြင့်ဖြစ်၏။ ကျွန်ုပ်တို့သည်

ဆုတောင်းခြင်းဖြင့် ဘုရားသခင်ကိုအာရုံပြုသောအခါ ဘုရားသခင်သည် ကျွန်ုပ်တို့အားတိုက်ရိုက်ပြောဆိုလိမ့်မည်။ ကျွန်ုပ်တို့သည် ဝတ်ပြုကိုးကွယ်ခြင်းဖြင့် ဘုရားသခင်၏နှုတ်ထွက်စကားတော်ကိုဖတ်ရှုလေ့လာရမည်။ ဘုရားသခင်သည်လည်း ထိုစာမျက်နှာရှိစာသားများအားဖြင့် ကျွန်ုပ်တို့ကိုလိုသည့်အရာပြောဆိုမည်ဖြစ်ပါသည်။ ဆုတောင်းခြင်းသည် ခရစ်ယာန်အသက်တာလမ်းဖြစ်ရမည်။ "အစဉ်မပြတ်ဝမ်းမြောက်ခြင်းရှိကြလော့၊ မခြားမလပ်ဆုတောင်းကြလော့၊ အရာရာ၌ကျေးဇူးတော်ကိုချီးမွမ်းကြလော့။ အကြောင်းမူကား၊ သင်တို့သည် ထိုသို့ကျင့်စေခြင်းငှါ ယေရှုခရစ်၌ ဘုရားသခင်အလိုတော်ရှိ၏" (၁သက် ၅း၁၆–၁၈)။

**ကျွန်ုပ်တို့သည် မည်ကဲ့သို့မခြားမလပ်ဆုတောင်းနိုင်မည်နည်း။** ကျွန်ုပ်တို့သည် အမြဲတမ်းဒူးထောက်၍ ချီးမွမ်းခြင်းစကားများ၊ တောင်းဆိုချက်များအမြဲတမ်းတင်ပြရမည်လား၊ မဟုတ်ပါ။ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူနီးကပ်ကြောင်းပြ၍ အချိန်မရွေးနေရာမရွေးလိုသောဆုကျေးဇူးများကိုတင်ပြနိုင်ရမည်။ လူသူများသောလမ်းပေါ်တွင်၊ လူများသောအလုပ်ခွင်တွင် ကျွန်ုပ်တို့သည် ဘုရားသခင်ကိုလိုလျက်ရှိသောဆုကျေးဇူးညွှန်ပြချက်များကိုတောင်းဆိုနိုင်သည်။ ကျွန်ုပ်တို့၏စိတ်နှလုံးတံခါးကိုအမြဲဖွင့်ထားခြင်းအားဖြင့် ခရစ်တော်သည် ကောင်းကင်မိတ်ဆွေများအဖြစ် ကျွန်ုပ်တို့ထံသို့လာရောက်နေထိုင်နိုင်ပါသည်။ "ငါ့ဥဒါန်းကျူးခြင်းအသံသည် နှစ်သက်တော်မူဖွယ်ဖြစ်၍ ထာဝရဘုရားသခင်၌ ငါရွှင်လန်းလိမ့်မည်" (ဆာလံ ၁၀၄း၃၄)။ ဆုတောင်းသောအခါ လိုသောဆုကျေးဇူးများကို ပုံသေနည်းအားဖြင့်ရေရွတ်၍ တစ်ခုစီအဆောတလျင်မတောင်းပါနှင့်။ လိုသောအချက်များကို တစ်ခုစီစောင့်ရင်းနားရင်း တောင်းဆိုသောအချက်များကိုပြန်လည်ဆန်းစစ်သုံးသပ်လျှင် ဘုရားသခင်နှင့်ဆက်သွယ်မှုသည် ပိုမိုကြွယ်ဝပြည့်စုံလာလိမ့်မည်။ "ဘုရားသခင်၌ချဉ်းကပ်ကြလော့။ သို့ပြုလျှင် သင်တို့၌ချဉ်းကပ်တော်မူလိမ့်မည်။ အပြစ်ရှိသောသူတို့၊ သင်တို့လက်ကိုစင်ကြယ်စေကြလော့။ စိတ်နှစ်ခွရှိသောသူတို့၊ သင်တို့စိတ်နှလုံးကိုသန့်ရှင်းစေကြလော့" (ယာကုပ် ၄း၈)။ ကိုယ်တော်နှင့်သာ၍နီးကပ်စွာနေလျှင် ခရစ်တော်သည် ကျွန်ုပ်တို့နှင့်အတူရှိကြောင်း ပိုမိုထင်ရှားလာလိမ့်မည်။ သင်သည် ခရစ်တော်၌ချဉ်းကပ်၍ နီးကပ်စွာနေပါ။ စကားအပြောမှားမည်ကိုမစိုးရိမ်နှင့်၊ သန့်ရှင်းသောစိတ်စေတနာရှင်းရှင်းဖြင့် ခရစ်တော်ကိုစကားပြောပါ။ လိုလျက်ရှိသောအရာအားလုံးကိုဆွေးနွေးပါ။ သူသည် သေခြင်းအထိရရှိသောခံစားမှုဗဟုသုတများကြောင့် သူ့အားရင်းနှီးသောမိတ်ဆွေအဖြစ်ထားရှိပါ။

## ၂။ မည်ကဲ့သို့ဆုတောင်းရမည်နည်း

ကျွန်ုပ်တို့ဆုတောင်းသောအခါ ခရစ်တော်သွန်သင်သောဆုတောင်းခြင်းအတိုင်း ခရစ်တော်တမန်တော်တို့အားသွန်သင်ပေးခဲ့သည့်ပုံနမူနာမှာ "(မဿဲ ၆း၉–၁၃) ခရစ်တော်သွန်သင်ထားခဲ့သောဆုတောင်းခန်း။" ခရစ်တော်၏ပုံနမူနာဆုတောင်းခန်းမှာ ဘုရားသခင်ကောင်းကင်၌ရှိသောကျွန်ုပ်တို့အဖဟုသွန်သင်ခဲ့ပါသည်။ အဖဘုရားသခင်သည် ကောင်းကင်၌ရှိသောသူ၏အလိုအတိုင်း မြေကြီးသားတို့၏စိတ်နှလုံးကိုပြုပြင်ပေးရန် လက်ခံစေခြင်းဖြစ်သည်။ ကိုယ်ကာယလိုသောအမစကိုတောင်းဆိုခြင်း၊ အပြစ်လွှတ်ရန်တောင်းဆိုခြင်းနှင့် အပြစ်လွှတ်ရန်သဘောတရားကိုနားလည်စေခြင်းဖြစ်သည်။ သင်တို့၏ခွန်အားဖြင့် အပြစ်ကိုတိုက်လှန်နိုင်ရန် ဘုရားသခင်မစမှသာလျှင် ဖြစ်ကြောင်းသိစေခြင်း၊ ခရစ်တော်၏ဆုတောင်းခြင်းနိဂုံးတွင် ချီးမွမ်းခန်းများဖြစ်သည်။ အခြားတစ်နေရာတွင် ခရစ်တော်သည် မိမိတမန်တော်တို့အားသွန်သင်ခဲ့သည်မှာ အဖဘုရားသခင်အား ငါ၏နာမဖြင့်ဆုတောင်းပါဟုသွန်သင်ခဲ့ပါသည်။ (ယောဟန် ၁၆း၂၃)။ အနက်မှာ ဆုတောင်းခြင်းသည် ခရစ်တော်သွန်သင်သောနည်းလမ်းအတိုင်းဖြစ်ရမည်ဟုဆိုလိုသတည်း။ ထို့ကြောင့် ခရစ်ယာန်တို့၏ဆုတောင်းခြင်းနိဂုံးတွင် "ခရစ်တော်၏နာမအားဖြင့်တောင်းပါ၏၊ အာမင်။" အာမင်၏အနက်မှာ ဟေဗြဲဘာသာအနက်အားဖြင့် "အလိုတော်ပြည့်စုံပါစေ။" ကျွန်ုပ်တို့၏ဆုတောင်းခြင်းသည် ခရစ်တော်၏အညွှန်းအတိုင်းတောင်းလျှောက်သော်လည်း ဘုရားသခင်ကိုတောင်းလျှောက်ရာတွင် နှလုံးမှရုတ်တရက်ပေါ်ပေါက်လာသောဆက်သွယ်ဆုတောင်းခြင်းသည်အကောင်းဆုံးဖြစ်၏။ ကျွန်ုပ်တို့သည် လိုသောအရာများကိုတောင်းလျှောက်နိုင်သည်။ ဘုရားသခင်သည်လည်း

အပြစ်ဝန်ချတောင်းပန်ရန် သွန်သင်လမ်းပြထားပါသည်။ (၁ယော ၁း၉)။ ယုံကြည်ခြင်းများစွာဖြင့် (မာကု ၉း၂၄)၊ အသက်တာ၏လိုသောအရာများ (မဿဲ ၆း၁၁)၊ မကျန်းမမာဖျားနာခြင်းနှင့်ရောဂါအနာခံစားရခြင်း (ယာကုပ် ၅း၁၅)၊ နောက်မိုးတည်းဟူသောသန့်ရှင်းသောဝိညာဉ်တော်အတွက်ဆုတောင်းခြင်း (ဇာခရိ ၁၀း၁)၊ ခရစ်တော်၏အားပေးချက်အရ ကျွန်ုပ်တို့၌ရှိသောပူပင်သောကများကို သူ့အားတင်ပြခြင်း၊ အဘယ်ကဲ့သို့သောအရာမဆို ဆုတောင်းစေခြင်းများဖြစ်သည်။ "သင်တို့ကိုသတိနှင့်ကြည့်ရှုတော်မူသောကြောင့် သင်တို့၌စိုးရိမ်ခြင်းရှိသမျှသောအမှုတို့ကို ကိုယ်တော်၌ အပ်နှံကြလော့" (၁ပေ ၅း၇)။ ခရစ်တော်သည် ကျွန်ုပ်တို့၏အသက်တာအသေးစိတ်အပေါ်စိတ်ပါဝင်စားပါသည်။ ကျွန်ုပ်တို့၏ မေတ္တာနှင့်ယုံကြည်ခြင်းကိုရှေ့ထားကာ လိုလျက်ရှိသောဆုကျေးဇူးများကိုတင်ပြတောင်းလျှောက်ပါလျှင် စိတ်စေတနာ အပြည့်အဝဖြင့်ကူညီမစပါသည်။

## ၃။ တစ်ဦးတစ်ယောက်တည်းအနေဖြင့်ဆုတောင်းခြင်း

ကျွန်ုပ်တို့သည်များသောအားဖြင့် အထီးတည်းဆုတောင်းရန်လိုလားပါသည်။ အလွန်ခင်မင်သောမိတ်ဆွေများ နှင့်ပင်တွဲဖက်ဆုတောင်းရန်ခဲယဉ်းလှပါသည်။ ထို့ကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့အားတစ်ဦးတစ်ကိုယ်စီဆုတောင်း ရန်ခွင့်ပြုပေးပါသည်။ ကျွန်ုပ်တို့ဆုတောင်းသောအခါ ကျွန်ုပ်တို့ထံမှကြောင်းရင်းဖြစ်ထွေများကိုသိလိုသောကြောင့် ဆုတောင်း စေခြင်းမဟုတ်ပါ။ သို့ရာတွင် ကျွန်ုပ်တို့သည် မိမိအပြစ်များကိုဝန်ချတောင်းပန်ရာ၌ လူများရှေ့တွင်ခက်ခဲသောကြောင့် ကျွန်ုပ်တို့၏အခြေအနေကိုသိသောပုဂ္ဂိုလ်နှင့်ခင်မင်ရင်းနှီးသောဘုရားသခင်ကိုတင်ပြရဲသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့၏ အနာများကိုခရစ်တော်၏လက်ဖြင့်ထိတို့သောကြောင့် ပျောက်ကင်းပါ၏။ ကျွန်ုပ်တို့ဆုတောင်းသောအခါ ကျွန်ုပ်တို့၏ ယဇ်ပုရောဟိတ်မင်းခရစ်တော်သည် အနီးမှာရှိသည်ဖြစ်ကြောင်းကိုယုံကြည်သိရှိလျက် "ငါတို့ယဇ်ပုရောဟိတ်မင်းသည် ငါတို့ခံရသောဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူမဟုတ်၊ ငါတို့ခံရသည့်နည်းတူ အမျိုးမျိုးသောစုံစမ်းနှောင့်ယှက် ခြင်းတို့ကိုခံဖူးသောသူဖြစ်တော်မူ၏။ သို့ရာတွင် အပြစ်နှင့်ကင်းလွတ်တော်မူ၏။ ထို့ကြောင့် ငါတို့သည် သနားခြင်း ကရုဏာကိုလည်းကောင်း၊ တော်လျော်သောမစခြင်းကျေးဇူးတော်ကိုလည်းကောင်း ခံရမည့်အကြောင်း ရဲရင့်သောစိတ်နှလုံးနှင့် ကျေးဇူးပလ္လင်တော်သို့တိုးဝင်ချဉ်းကပ်ကြကုန်အံ့" (ဟေဗြဲ ၄း၁၅၊ ၁၆)။ သင်သည် သောကပူပင်ခြင်းရှိပါသလား။ ထိုအရာအားလုံးကို ထာဝရဘုရားသခင်အားအပ်နှံပါ။ လိုသည့်အရာအားလုံးကိုကူညီနိုင်ပါသည်။

အထူးဆုတောင်းရန်နေရာသီးသန့်ထားရှိရန်လိုပါသလား။ "သင်သည် ဆုတောင်းသောအခါ ဆိတ်ညံရာအခန်း သို့ဝင်၍ တံခါးကိုပိတ်ပြီးမှ မထင်မရှားသောအရပ်၌ရှိတော်မူသောသင်၏အဖကိုဆုတောင်းလော့---" (မဿဲ ၆း၆)။ ဆုတောင်းသောအခါ၌လည်း လမ်းလျှောက်သောအခါ၌ဖြစ်စေ၊ အလုပ်လုပ်သောအခါ၌ဖြစ်စေ၊ အစည်းအဝေးလူမှုရေး ကဏ္ဍာဖြစ်စေ၊ ခရစ်ယာန်တိုင်းတို့သည် ဆုတောင်းသောအချိန်ကိုသတ်မှတ်၍ ကျမ်းစာကိုလေ့လာခြင်းဖြင့် ဆုတောင်း သင့်ပါသည်။ နေ့စဉ်နှင့်အမျှ ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ပါ။ အထူးသဖြင့် နိုးနိုးကြားကြားရှိသောအခါ၌ ဘုရား သခင်နှင့်မိတ်သဟာယဖွဲ့ပါ။

## ၄။ လူအများရှေ့တွင်ဆုတောင်းခြင်း

လူအများနှင့်အတူတကွဆုတောင်းခြင်းသည် ရင်းနှီးမှုကိုဖန်တီးပေး၍ ဘုရားသခင်၏တန်ခိုးတော်ကိုတောင်းဆို ဖိတ်ခေါ်ခြင်းဖြစ်၏။ "အကြောင်းမူကား၊ အကြင်အရပ်၌ လူနှစ်ဦးသုံးဦးတို့သည် ငါ၏နာမကိုထောက်၍စည်းဝေးကြ၏။ ထိုအရပ်၌ သူတို့အလယ်မှာငါရှိသည်ဟုမိန့်တော်မူ၏" (မဿဲ ၁၈း၂၀)။ မိသားစုများအနေဖြင့် အကောင်းဆုံးကျင့်ဝတ် တစ်ခုမှာ အတူတကွဆုတောင်းခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ဆုတောင်းခြင်းဖြင့် ဆုတောင်းရာတွင်အတူတကွစည်းစည်း ရုံးရုံးရှိနိုင်ကြောင်းသိရပါသည်။ သူတို့သည် ဘုရားသခင်အကြောင်းကိုပိုမိုသိရှိနားလည်၍ တုံ့ပြန်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

## ၅။ ဘုရားသခင်ဆုတောင်းခြင်းကိုလက်ခံနားညောင်းခြင်း၏လျှို့ဝှက်ချက် (၇) ခု

မောရှေဆုတောင်းသောအခါ ပင်လယ်နီရှိရေသည် နှစ်ခြမ်းကွဲသွားသည်။ ဧလိယဆုတောင်းသောအခါ ကောင်းကင်မှမီးကျလာသည်။ ဒံယေလဆုတောင်းသောအခါ ခြင်္သေ့တို့၏ပါးစပ်သည် ပိတ်ကုန်ကြသည်။ လူတို့သည် ဘုရားသခင်၏ ဆုတောင်းခြင်းကိုတုံ့ပြန်သောအမှုသက်သေသာဓကများဖြင့်ပြသထားပါသည်။ ဆုတောင်းခြင်းသည် ဘုရားသခင်၏ ကြီးမားသောတန်ခိုးကိုပြသည်။ ထိုအရှင်၏တန်ခိုးတည်းဟူသောကျေးဇူးတရားကိုပြသခြင်းဖြစ်သည်။ ခရစ်တော်၏ ထောက်ခံချက်အရ "သင်တို့သည် ငါ၏နာမကိုအမှီပြု၍ တစ်စုံတစ်ခုသောဆုကိုတောင်းလျှင် တောင်းသည့်အတိုင်း ငါပြုမည်" (ယောဟန် ၁၄း၁၄)။ သို့ရာတွင် အချို့သောဆုတောင်းခြင်းကို ကျွန်တော်တို့နားမထောင်ခဲ့ကြောင်းသိခဲ့ရသည်။ သင်သည် ဆုတောင်းသောအခါ ထိရောက်စေနိုင်ရန် သူစီစဉ်သတ်မှတ်ပေးပါမည်။

### *(၁) ခရစ်တော်နှင့်နီးကပ်စွာနေထိုင်ပါ*

"သင်တို့သည် ငါ၌တည်၍ ငါ့စကားသည် သင်တို့၌တည်လျှင် သင်တို့သည်တောင်းချင်သမျှကိုတောင်းလျှင် ရကြလိမ့်မည်" (ယောဟန် ၁၅း၇)။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့လျှင် အနီးကပ်ဆုံးဆက်သွယ်ခြင်း ရှိနိုင်မည်။ သူသည် ကျွန်ုပ်တို့၏တောင်းလျှောက်သံကိုနားညောင်း၍ လိုသလိုကူညီမစပေးနိုင်ပါသည်။ သို့မဟုတ်လျှင် ဆုတောင်းခြင်းသည် အထက်သို့ရောက်နိုင်ရန်ခဲယဉ်းမည်ဖြစ်ပါသည်။

### *(၂) ဘုရားသခင်ကိုကိုးစားခြင်းဖြင့်ချဉ်းကပ်ပါ*

"ယုံကြည်ခြင်းပါလျက် ဆုတောင်းသမျှတို့ကို သင်တို့သည်ရကြလိမ့်မည်ဟုမိန့်တော်မူ၏" (မဿဲ ၂၁း၂၂)။ ယုံကြည်ခြင်း (သို့မဟုတ်) ယုံကြည်ရမည်ဆိုသည်မှာ ကျွန်ုပ်တို့သည် အဖဘုရားသခင်၏ကူညီမစခြင်းရရှိမည်ဟုမျှော်လင့်ခြင်း ဖြစ်သည်။ ယုံကြည်ခြင်းအပေါ်တွင်သံသယဖြစ်လာသောအခါ ယုံကြည်ခြင်းအကြောင်းနှင့်စကားအားဖြင့် သက်သေခံကြောင်းကိုသတိပြုပါ။ "အကျွန်ုပ်ယုံကြည်ပါ၏သခင်။ မယုံကြည်သည်ကိုမစတော်မူပါဟု လျှောက်ပြန်လေ၏" (မာကု ၉း၂၄)။ သင့်၌ရှိသောယုံကြည်ခြင်းကိုပြုစုပျိုးထောင်ပေးပါ။ သင့်၌မရှိသောယုံကြည်ခြင်းကို စိတ်တွင်း၌ ပူပန်ခြင်းမရှိစေနှင့်။

### *(၃) ဘုရားသခင်၏အလိုတော်အတိုင်း မိမိကိုယ်ကိုဆက်ကပ်ပါ*

"ယေရှုသည် ဘုရားသခင်သားတော်ဖြစ်တော်မူသည်ကိုဝန်ခံသောသူမည်သည်ကား ဘုရားသခင်၌တည်၏။ ဘုရားသခင်သည်လည်း ထိုသူ၌တည်တော်မူ၏" (၁ယော ၄း၁၄)။ ဘုရားသခင်သည် လူများတို့အားသွန်သင်ပေးလိုပါသည်။ ထိုသွန်သင်ခြင်းသည် ဆုတောင်းခြင်းအားဖြင့်ရ၏။ ဆုတောင်းခြင်းကိုမပေးသောအခါရှိသကဲ့သို့ အခြားတစ်နေရာသို့လမ်းပြတတ်ပါ၏။ ဆုတောင်းခြင်းသည် ဘုရားသခင်နှင့်သာ၍ဆက်ဆံမှုကိုနီးကပ်စေတော်မူပြီး ဘုရားသခင်နှင့်ပို၍နီးကပ်စရာလမ်းညွှန်ပေးသည်။ ထိုလမ်းညွှန်အတိုင်းလိုက်လျှောက်ရန်သွန်သင်ပေးသည်။ ဆုတောင်းသောအခါ သီးသန့်ဆုများကိုသတ်မှတ်ထားပါ။ ထိုကဲ့သို့ပြုလုပ်ခြင်းဖြင့် ဆုတောင်းရာ၌အထောက်အကူဖြစ်စေသည်။ ဝိညာဉ်တော်သည်လည်း ကြားဖြတ်ဝင်ကာ ဘုရားသခင်အလိုတော်အတိုင်းကူညီမစသည် (ရောမ ၈း၂၇)။

ကျွန်ုပ်တို့၏အလိုဆန္ဒနှင့် ဘုရားသခင်၏စေတနာမေတ္တာတော်တိုက်ဆိုင်မှုရှိခဲ့ပါသော် လိုသည့်ဆုကိုရရှိမည်ဖြစ်ပါသည်။

### *(၄) ဘုရားသခင်ကိုတောင်းလျှောက်သောအခါ သည်းခံခြင်းဖြင့်စောင့်ဆိုင်းပါ*

"ငါသည် ထာဝရဘုရားသခင်ကိုစေ့စေ့မျှော်လင့်သည့်ကာလ ငါတို့မျက်နှာပြ၍ ငါအော်ဟစ်သောအသံကိုကြားတော်မူ၏" (ဆာလံ ၄၀း၁)။ ဆုတောင်းခြင်း၏အဓိကအချက်မှာ ဘုရားသခင်ကိုမျက်မှောက်ပြုခြင်းဖြစ်၏။ သင်၏မျက်နှာကို ဘုရားသခင်ပေးနိုင်သောဆုကျေးဇူးများအပေါ်မျက်မှောက်ပြုတော်မူပါ။ သင်တို့သည် အပျော်အပါးလိုက်စားခြင်းအားဖြင့် ဘုရားသခင်၏အကူအညီကိုမိုက်မိုက်ရိုင်းရိုင်းမတောင်းပါနှင့်။ သည်းခံ၍ ထာဝရဘုရားသခင်ကိုမျှော်လင့်ပါ။ ဤအကျင့်များသည် အထူးသဖြင့်ကျွန်ုပ်တို့၌လိုလျက်ရှိပါသည်။

### *(၅) အပြစ်တစ်ခုကိုမက်မက်မောမောဖြင့် သံယောဇဉ်မထားပါနှင့်*

"ငါသည် စိတ်နှလုံးထဲမှာအပြစ်ကိုငဲ့ကွက်လျှင် ဘုရားသခင်သည် နားထောင်တော်မမူ" (ဆာလံ ၆၆း၁၈)။ သိသောအပြစ်ကိုမစွန့်လွှတ်သောကြောင့် ဘုရားသခင်၏ကောင်းချီးမင်္ဂလာဆုကျေးဇူးများရရှိနိုင်ရန် ခဲယဉ်းလာပေသည် (ဟေရှာယ ၅၉း၁၊ ၂)။ သင်သည် လက်တစ်ဖက်ဖြင့်အပြစ်လုပ်လျက်၊ တစ်ဖက်ဖြင့်ဘုရားသခင်၏အမအစတောင်းခံရန်မလွယ်ပါ။ ရိုးသားသောအပြစ်ဝန်ချတောင်းပန်ခြင်းနှင့် နောင်တတရားရခြင်းသည် ပြေလည်စွာဖြေရှင်းပေးနိုင်ပါသည်။ ကျွန်ုပ်တို့သည် အပြစ်မှလွတ်မြောက်နိုင်ရန် ဘုရားသခင်ကိုအခွင့်မပေးပါလျှင် ဘုရားသခင်သည် ကျွန်ုပ်တို့၏ဆုတောင်းခြင်းကိုနားထောင်မည်မဟုတ်ပါ။ "ဆုတောင်းလျှင်လည်း လောကစည်းစိမ်ခံစားစရာဖို့ရှိစေခြင်းငှါ အလွဲတောင်းသောကြောင့်မရကြ" (ယာကုပ် ၄း၃)။ တစ်ကိုယ်ကောင်းစိတ်ဖြင့်တောင်းသောဆုကျေးဇူးများကို ဘုရားသခင်အဖြေပေးမည်မဟုတ်ပါ။ ဘုရားသခင်၏ပညတ်တော်ကိုနားထောင်ပါ။ ဘုရားသခင်၏အလိုတော်ကိုလိုက်ပါ။ သူသည် သင်တောင်းလျှောက်သောဆုများကိုနားညောင်းပါမည်။ "တရားမနာလွှဲသွားသောသူသည် ဆုတောင်းသော်လည်း သူ၏ဆုတောင်းချက်စကားသည်စက်ဆုပ်ရွံရှာဖွယ်ဖြစ်၏" (သု၊ ၂၈း၉)။

### *(၆) ဘုရားသခင်သည် မိမိအသက်တာတွင်လိုလျက်ရှိကြောင်းနားလည်သဘောပေါက်ရမည်*

ဘုရားသခင်သည် လူ၌လိုသောဆုကျေးဇူးများကိုသိရှိနားလည်တောင်းလျှောက်သောသူများကိုသာပေး၏။ "ဖြောင့်မတ်ခြင်းတရားကိုဆာငတ်ခင်မွတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည်ဝပြောခြင်းသို့ရောက်ကြလတ္တံ့" (မဿဲ ၅း၆)။

### *(၇) ဇွဲဖြင့်ဆုတောင်းပါ (စွဲစွဲမြဲမြဲဆုတောင်းပါ)*

စွဲစွဲမြဲမြဲဆုတောင်းရခြင်းအကြောင်းနှင့် ခရစ်တော်သည် ပုံပြင်အားဖြင့် မုဆိုးမတစ်ဦးဇွဲဖြင့်တောင်းလျှောက်သောစီရင်ချက်တစ်ခုကိုပြသပေးခဲ့ပါသည် (လုကာ ၁၈း၅–၇)။

ဆုတောင်းသောအခါတွင် သင်၏လိုလားချက်များ၊ မျှော်လင့်ချက်များကို ဘုရားသခင်အားတင်ပြတောင်းလျှောက်ပါ။ အထူးဆုကျေးဇူးများကိုတောင်းဆိုပါ။ လိုသောအခါတွင် ဘုရားသခင်သည် လိုသလိုပေးပါမည်။ ဘုရားသခင်၏မျက်နှာတော်ကိုအမြဲရှာပါ။ ဆုံးမစကားကိုလက်ခံနားထောင်ပါ။ နောက်ဆုံးတွင် ဘုရားသခင်၏ပြန်ပြောသောအသံကိုယုံကြည်နားလည်ရပါမည်။

## ၆။ ဆုတောင်းသောသူတို့၏တောင်းလျှောက်ခြင်းကို ကောင်းကင်တမန်တို့သည်လိုလျှင်လိုသလိုကူညီမစပါမည်

ဆာလံဆရာသည် သူ၏ဆုတောင်းသံများကိုနားထောင်ခဲ့ကြောင်းတို့ကို သိနားလည်ရပါသည်။ "ငါသည် ထာဝရဘုရားသခင်ကိုရှာသောအခါ နားထောင်တော်မူ၏။ ကြောက်မက်ဖွယ်သောအကြောင်းအလုံးစုံတို့အထဲက ငါ့ကို

ကယ်နုတ်တော်မူ၏။ ထာဝရဘုရားသခင်ကိုမျှော်ကြည့်ကြလော့။ အလင်းကိုရကြလိမ့်မည်။ မျက်နှာရှက်ကြောက်ခြင်းနှင့်ကင်းလွတ်ကြလိမ့်မည်။ ဤဆင်းရဲသောသူ၏အော်ဟစ်ခြင်းအသံကို ထာဝရဘုရားသခင်သည်နားထောင်လျှင် ခပ်သိမ်းသောဆင်းရဲခြင်းထဲကကယ်လွှတ်တော်မူ၏။ ထာဝရဘုရားသခင်ကိုကြောက်ရွံ့သောသူတို့၏ပတ်လည်၌ ကောင်းကင်တမန်တော်တို့သည်တပ်ချ၍ ကယ်လွှတ်တတ်ကြ၏” (ဆာလံ ၃၄:၄–၇)။ ကျွန်ုပ်တို့ဆုတောင်းသောအခါ ဘုရားသခင်သည်ကောင်းကင်တမန်ကိုစေလွှတ်၍ လိုသည့်အရာများကိုမစကူညီရန်ဖြစ်ပါသည် (ဟေဗြဲ၁း၁၄)။

ခရစ်ယာန်တစ်ဦးစီတို့၌ ကိုယ်ရန်တော်ကောင်းကင်တမန်တစ်ဦးစီရှိပါသည်။ “သင်တို့သည် ဤသူငယ်တစ်စုံတစ်ယောက်ကိုမထီမဲ့မြင်မပြုမည့်အကြောင်း သတိပြုကြလော့။ ငါဆိုသည်ကား၊ သူတို့၏ကောင်းကင်တမန်တို့သည်ကောင်းကင်ဘုံ၌ရှိတော်မူသောငါ့အဖ၏မျက်နှာတော်ကိုအစဉ်မပြတ်ဖူးမြင်ကြ၏” (မဿဲ ၁၈း၁၀)။ ကျွန်ုပ်တို့၏ဆုတောင်းခြင်းကြောင့် “လူအပေါင်းတို့ရှေ့၌ သင်တို့၏ဖြည်းညင်းခြင်းသဘောကို ထင်ရှားစေကြလော့။ ဘုရားသခင်သည်အနီးအပါး၌ရှိတော်မူ၏။ အဘယ်အမှုကိုမျှစိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ကျေးဇူးတော်ကိုချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းသောအားဖြင့် သင်တို့တောင်းပန်လိုသောအရာများတို့ကို ဘုရားသခင်အားကြားလျှောက်ကြလော့။ ထိုသို့ပြုလျှင်အဘယ်သူမျှကြံ၍မမီနိုင်သောဘုရားသခင်၏ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့၏စိတ်နှလုံးတို့ကိုစောင့်မလိမ့်မည်“ (ဖိလိပ္ပိ ၄း၄–၇)။

## ၇။ ခရစ်ယာန်တို့၏အသက်တာပုံနမူနာကျင့်စဉ်များ

ကျမ်းစာသည် ခရစ်ယာန်တို့၏အသက်တာတွင်နေထိုင်ကျင့်သုံးရမည့်အကျင့်များကို ဆုံးဖြတ်ပေးထားပါသည် (ဧဖက် ၄း၂၂–၂၄)။ ခရစ်ယာန်တို့အား ဘဝဟောင်းကိုမေ့ပျောက်ရန်နှင့် မတော်မတရားသောဆန္ဒများတို့ကိုစွန့်လွှတ်ရန်ရေးသားတောင်းပန်ထားပါသည်။ ဘုရားသခင်သည် လူကိုဘုရားသခင်နှင့်တူသောရုပ်ခန္ဓာနှင့်သဏ္ဍာန်ကိုဖန်ဆင်းပေးခဲ့ပါသည်။ လမ်းညွှန် (၆) တွင်အသစ်မွေးဖွားခြင်းအကြောင်းနှင့်ပြန်လည်ပြုပြင်မွမ်းမံခြင်းအကြောင်းများကို ယူတင်ဝတ်ဆောင်ရန်နှင့် ခရစ်တော်နှင့်တူသောအသွင်အပြင်များဝတ်ဆင်ရန်ဖေါ်ပြခဲ့ပါသည်။ ဤလမ်းညွှန်နှင့် လမ်းညွှန် (၆) တို့တွင် ခရစ်ယာန်အသက်တာ၏ကျင့်စဉ်များကိုအသေးစိတ်သွန်သင်ဖေါ်ပြထားပါသည်။ ဤခရစ်ယာန်အသက်တာများကြောင့် ပျော်ရွှင်ခြင်း၊ ဝမ်းမြောက်ခြင်း၊ သာယာခြင်းရရှိနိုင်ပါသည်။ ဤကဲ့သို့နေထိုင်ခြင်းအားဖြင့် သာ၍ရင့်ကျက်သော၊ ခိုင်မြဲသောခရစ်တော်လိုလားသည့်အသက်တာမျိုးရရှိပါမည်။ ထို့ကြောင့် သင်သည် ခရစ်တော်ကိုမျက်မှောက်ပြုပါ။ သင်သည် ဤကဲ့သို့မျက်မှောက်ပြုခြင်းဖြင့် နိဂုံးချုပ်အောင်ပွဲတွင် ငြိမ်သက်ခြင်းအပြည့်ရရှိကာ အောင်ပွဲဆင်နိုင်ပါမည်။

–o–

## ရှာဖွေတွေ့ရှိခြင်းလမ်းညွှန် (၁၄) အဖြေလွှာ
## ဆုတောင်း၍ရနိုင်သောလျှို့ဝှက်ချက်များ

မှန်သောစာကြောင်းရှေ့တွင် ကြက်ခြေခတ် **(x)** ပေးပါ။

၁။ ဆုတောင်းခြင်း

------ ဘုရားသခင်နှင့်စကားပြောခြင်းတွင် နှစ်ဖက်သွားလမ်းဖြစ်သည်။
------ သင်၏စိတ်တွင်ရှိသောအရာကို ဘုရားသခင်အားလျှောက်ထားခြင်း။
------ ဘုရားသခင်အဖြေပေးရန် စောင့်ဆိုင်းနားထောင်ခြင်း။
------ အသင်းတော်၌ရှိသောသူတော်စင်များကိုအဆက်အသွယ်ပြုခြင်း။
------ ခါတိုင်းကျင့်နေကျတစ်နေ့ငါးကြိမ်ပြုလုပ်ခြင်း။
------ ဘုရားသခင်နှင့်အမြဲတမ်းပေါင်းသင်းဆက်ဆံသောဗဟုသုတ။

၂။ ကျွန်ုပ်တို့သည်ဆုတောင်းရမည်။

------ အပြစ်ဖြေလွှတ်ခွင့်ရရန်။
------ ကိုယ်ကာယ၌လိုသောအရာများရရန်။
------ သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းပေးရန်။
------ ဖျားနာသောသူပျောက်ကင်းစေရန်။
------ ယုံကြည်ခြင်းတိုးတက်ကြီးပွားနိုင်ရန်။
------ အားလုံးသောအရာရရန်။
------ ကြီးသောဆုကျေးဇူးသာတောင်းလျှောက်ရန်။
------ စိတ်သောကရှိလျှင်လည်းတောင်းရန်။

အမှန် (သို့မဟုတ်) အမှားအဖြေမှန်တစ်ခုကိုစက်ဝိုင်းခတ်ပါ။

၃။ မှန် – မှား ဘုရားသခင်သည် ကျွန်ုပ်တို့အကြောင်းနှင့်ပတ်သက်၍ သတင်းစုံရရှိထားသောကြောင့်ဆုတောင်းရမည်။
မှန် – မှား ခရစ်တော်၊ ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်းသည် ကျွန်ုပ်တို့ကိုသနားကြင်နာသောကြောင့် ဆုတောင်းရမည်။

၄။ မှန် – မှား သူများနှင့်ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်၏တန်ခိုးဆုကျေးဇူးများအထူးတလည်ရရှိသည်။
မှန် – မှား လူအများနှင့်ဆုတောင်းခြင်းသည် အနည်းဆုံးမိနစ် ၃၀ ကြာခန့်ဆုတောင်းရမည်။

၅။ မှန် – မှား ကျွန်ုပ်တို့၏ဆုတောင်းခြင်းများကို တစ်ခါတလေသာအဖြေပေးသည်။
မှန် – မှား ကျွန်ုပ်တို့၏ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်နှင့်ပိုမိုနီးကပ်စေသည်။

မှန် – မှား   ကျွန်ုပ်တို့သည်ဆုတောင်း၍  အဖြေရရန်  သည်းခံခြင်းဖြင့်စောင့်ဆိုင်းရမည်။

မှန် – မှား   ဘုရားသခင်ထံမှအဖြေရသည့်အထိ  ကျွန်ုပ်တို့ကြိုးစား၍ဆုတောင်းရမည်။

၆။  မှန် – မှား   ကျွန်ုပ်တို့၏ဆုတောင်းခြင်းအဖြေရရန် ကောင်းကင်တမန်တို့သည် ဘုရားသခင်အားကူညီကြသည်။

**နှလုံးသားမေးခွန်း**

သင်သည်  ဆုတောင်းခြင်းအားဖြင့်  သင်၏အသက်တာကိုဘုရားသခင်နှင့်နီးကပ်စွာထားရှိလိုပါသလား။

–ဝ–

**ထင်ရှားသေသပ်စွာရေးပါ**

**အမည်**––––––––––––––––––––––––––––––

**လမ်းနှင့်အိမ်အမှတ်**––––––––––––––––––––––

**မြို့**–––––––––––––––––––––––––––––––––

**နယ်**––––––––––––––––––––––––––––––––

**ကိုးကွယ်သည့်ဘာသာ**–––––––––––––––––––––